ပလွင်ကုန်းကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပလွင်ကုန်းကျေးရွာ၊ မုံရွာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

# မာတိကာ


မာတိကာ ၁

စကားချီး ၃

ပလ္လင်ကုန်းကျေးရွာသယံဇာတပြဓေမြေပုံနှင့် ရာသီခွင်ပြပြကွဒိန်၊ မုံရွာမြို့နယ် ၅

(၁)နိဒါန်း ၆

(၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂
(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု
(၆) ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၄
- ဦးစားပေးစီမံချက်များ
- အကောင်အထည်ဖော်မည့်နှစ်အလိုက်ဦးစားပေးစီမံချက်များ

**နောက်ဆက်တွဲ**

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၆
စီမံချက်အဆိုပြုလွှာ ၁၇
ကော်မတီဝင်များစာရင်း(သို့)စီမံချက်အကြောင်းအရာ ၁၉

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အတွင်း ကျွန်ုပ်တို့ ပလွင်ကုန်းကျေးရွာအုပ်စု၊ ပလွင်ကုန်းကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာမှ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်

လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

စက်တင်ဘာလ ၂၀၁၈။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့


ပလွင်ကုန်းကျေးရွာ

ပလွင်ကုန်းကျေးရွာအုပ်စု

မုံရွာမြို့နယ်

# ပလွင်ကုန်းကျေးရွာအုပ်စု၊ ပလွင်ကုန်းကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြပြက္ခဒိန်



## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ၏ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြ ပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက် သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိ စေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အား ထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန့်ပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ပလ္လင်ကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၏ မြောက်ဘက် ၈ မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် မြေပြန့်တွင် တည်ရှိပြီး စိုက်ပျိုးရေးနှင့် ယက္ကန်းလုပ်ငန်းများသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အဖြစ်ကြသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကားလမ်းနှင့်(၂)မိုင် ကွာဝေးသဖြင့် ကားလမ်းမရောက်ခင် မြေသားလမ်းကို အသုံးပြုရပြီး မိုးရွာလျှင် သွားလာရန်ခက်ခဲသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ ၂၇ လက်မတွင် ရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သော အခြေအနေဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

တောင်ယာမြေများဖြစ်ပြီး မြေဆီမြေဩဇာညံ့ပါသည်။ ရွာ၏အရှေ့ဘက်နှင့်တောင်ဘက် ယာမြေကေ(၉၀)ကေကို ရေသွင်းစိုက်ပျိုးပြီး ကုလားပဲနှင့်ကြက်သွန်ကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည်။ ပြောင်း၊ ပဲကြား၊ ပဲစဉ်းငုံစိုက်ခင်းများ အနည်းငယ် စိုက်ပျိုးကြပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

ပလ္လင်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၃၀)စု နှင့် ကျား(၃၁၆)၊ မ(၄၃၈)ဦးဖြင့် လူဦးရေပေါင်း(၇၅၄)ဦး ရှိပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၃)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်း လူဦးရေ၏(၇၈%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၂၂%) ရှိပါ သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် ပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၅%)သည် ဆင်းရဲသော အိမ်ထောင်စုအဆင့်နှင့် (၁၇%) သည် အလွန် ဆင်းရဲသောအိမ်ထောင်စု အဆင့်အဖြစ် ခံယူကြပြီး (၁၄%)သည် ချမ်းသာသည့်အဆင့်၊ (၃၄%) သည် အလယ်အလတ်အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ပလွင်ကုန်းကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် "၃" အိမ်ထောင်စုများ၏ (၃၅%) နှင့် အဆင့်"၄" အိမ်ထောင်စုများ၏ (၁၇%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှု စစ်တမ်း ကောက်ယူ မှုအရ "၃" နှင့် "၄"အိမ်ထောင်စု စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူ လေ့လာထားသော အိမ်ထောင်စု (၁၀၉) စု လုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်းတွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည် အကြွေးတင်ရှိမှုမရှိဟုလည်း ဆိုကြသည်။ ယာများတွင် စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စားအင်္ဂါးလိုက်ခြင်း၊ လက်သမားလိုက်ခြင်း၊ ယက္ကန်းခတ်ခြင်းလုပ်ငန်းများဖြင့် ဝမ်းစာအတွက် ဖူလုံမှုရှိသည်ဟု ဆိုကြသည်။ ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းလေ့ရှိကြောင်း သိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ပလွင်ကုန်းကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းကြသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါ အဖြစ်များပါသည်။ ဝမ်းပျက် ဝမ်းလျော၊ ငှက်ဖျား၊ တီဘီ၊ အာဟာရချို့တဲ့မှုရောဂါများလည်း ရံဖန်ရံခါ ဖြစ်ပွားမှုရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ ကောင်းမွန်ကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာကျန်းမားရေးဌာန၊ မုံရွာပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ရရှိပါသည်။

ကျေးရွာတွင် UNDP ရေရရှိရေးမှ ရာသီမရွေးအချိန်ပြည့် ရေများ ရရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် သောက်သုံးရေ ဖူလုံမှုရှိပါသည်။ စက်ရေတွင်းမှ (၁)မီတာ (၂၀၀)ကျပ်နှုန်းဖြင့် အိမ်တိုင်ရာရောက် ရေရရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်းအဆင့် တက်မြောက်မှုများပြီး အလယ်တန်းအဆင့် အသင့်အတင့်ရှိ၍ အထက်တန်းအဆင့် နည်းပါသည်။ ကျေးရွာတွင် အထက်တန်းပညာရေးကို အ.ထ.က(၁) အလုံမြို့သို့ ကျေးရွာနှင့် ၄ မိုင် အကွာတွင် သွားရောက်ရသဖြင့် အထက်တန်းကျောင်းသို့ သွားရောက်သင်ကြားနိုင်သော်လည်း တက်ရောက်သူ ဦးရေ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ**

ပလွင်ကုန်းကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် ကျား-မရေးရာ တန်းတူအခွင့်ရေးရရှိပါသည်။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီး လူဦးရေထက် အနည်းငယ် နည်းကြောင်းတွေ့ရသည်။ သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား – မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာ ပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ထိုအဖွဲ့သည် ကျားမဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အသောက လူမှုကူညီရေးနှင့် ချမ်းသာကြီးလူမှုကူညီရေးအဖွဲ့ကို အမျိုးသားများဦးဆောင်လုပ်ကိုင်ကြသည်။ ရေကော်မတီ၊ မီးကော်မတီအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု နည်းပါးပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ကုလားပဲနှင့်ကြက်သွန်နီကို အဓိကထား စိုက်ပျိုးကြပါသည်။ ယာစိုက်ဧက (၇၉၇) ဧက မြေလွတ်မြေလပ်(၁၅)ဧက ရှိပါသည်။ ယာခင်း၏ကုလားပဲ အထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် တစ်ဧက (၁၀) တင်း ထွက်ရှိပြီး ကြက်သွန်နီတစ်ဧကလျှင် ပိဿာ (၃၀၀၀)မှ (၅၀၀၀)ကြား ထွက်ရှိပါသည်။ ကုလားပဲတစ်တင်းလျှင်အနည်းဆုံး(၂၀၀၀၀)ကျပ်မှ ဈေးကောင်းလျှင် (၃၅၀၀၀)ကျပ် အထိရှိပြီး ကြက်သွန်နီတစ်ပိဿာအနည်းဆုံး (၃၀၀)ကျပ်မှ ဈေးကောင်းလျှင် (၁၀၀၀) ကျပ်ဝန်းကျင်ရှိပါသည်။ ကျေးရွာတွင်နွားမွေးမြူရေးကို ယာထွန်ယက်ရန်မွေးမြူပြီး သိုးမွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ခြင်းနှင့် ဝက်မွေးမြူရေးကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသည်။ စိုက်ပျိုးကြပါသည်။ တောင်သူ

အများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာ နည်းလမ်းကိုသာ အများဆုံးအသုံးပြုကြသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ သီးနှံအထွက်နှုန်း လျော့ခြင်း၊ ဈေးကွက်မကောင်းခြင်းတို့ကြောင့် စားလောက်ရုံသာ ဖူလုံမှုရှိပြီး လက်သမားလုပ်ငန်း၊ ယက္ကန်းလုပ်ငန်း၊ နှီးဝါးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကျပန်းအလုပ်လုပ်ကိုင်သူများလည်းရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ထက်ဝက်ကျော်ခန့်ရှိကာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ လုပ်ပေးခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ပလွင်ကုန်းကျေးရွာတွင် တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှု အသင့်အတင့်ရှိပြီး သဘာဝမြေဩဇာဖြစ်သည့် နွားချေးတို့ကိုသာ အသုံးပြုကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် စွန့်ပစ်ပစ္စည်းများကိုကျေးရွာအနီးတွင် စွန့်ပစ်ကြသဖြင့်သဘာဝ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် စိုက်ဘဏ်နှင့် သမဘဏ်မှ ကာလတိုချေးငွေများ ထုတ်ချေးပေးပါသည်။ အခြားပုဂ္ဂလိကအဖွဲ့များမှလည်း ကာလတိုချေးငွေများရှိပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ပလွင်ကုန်းကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်း ရှိပါသည်။ အဆိုပါ ကျောင်းသည် ကျေးရွာအတွင်းသာ တည်ရှိသဖြင့် သွားရေးလာရေး အလွန်အဆင်ပြေပါသည်။ ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းပညာကိုသာ ပြီးဆုံးအောင်သင်ကြားကြပြီး အထက်တန်းပညာကို တက်ရောက်သူနည်းပါးပါသည်။ ကျေးရွာမူလွန်ကျောင်းတွင် အခြားကျေးရွာမှ ကျောင်းသူ/ ကျောင်းသားများ လာရောက်တက်ရောက်ကြသဖြင့် ကျောင်းသားဦးရေ များပြားသောကြောင့် ကျောင်းဆောင် ပရိဘောဂပစ္စည်းများ သင်ထောက်ကူပစ္စည်းများလုံလောက်မှုမရှိပါ။

ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာန တည်ရှိပါသည်။ ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးဆရာမ ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနအဆောက်အဦးသီးသန့် မရှိပါ။ ကိုယ်ဝန်ဆောင်နှင့် ကလေးများအား ကာကွယ်ဆေးများ ထိုးနှံပေးလျှက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းသဖြင့် မိုးတွင်းတွင် မုံရွာပြည်သူ့ဆေးရုံသို့ သွားလာရန်ခက်ခဲပြီး ပွင့်လင်းရာသီတွင် သွားလာရန်လွယ်ကူသည်။ ရွာသူရွာသားများ၏ ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးလက်ကျန်းမာရေးဌာန၊ မုံရွာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ရွာလယ်တွင် UNDP ရေရရှိရေးမှ ဂါလံ(၅၀၀၀)ဆံ့ အုတ်ကန်နှင့် ဆိုလာရေတွင်း၊ ရေမော်တာတွင်း(၂)ခုနှင့် ရေတင်ပြီး တစ်ရွာလုံး ၁မီတာ(၂၀၀)နှုန်းနှင့် အိမ်တိုင်ရာရောက်ရေပေးထားသဖြင့် တစ်နှစ်ပတ်လုံး ရေဖူလုံမှု ရှိပါသည်။ ယင်လုံအိမ်သာကို အများဆုံးအသုံးပြုကြပါသည်။ အမှိုက်များကို ရွာအနီးပတ်ဝန်းကျင်တွင် စွန့်ပစ်သောကြောင့် သန့်ရှင်းကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်သောအနေအထား ဖြစ်ပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ပလွင်ကုန်းကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် ခြင်းကွင်း၊ ဘောလုံးကွင်းရှိပါသည်။ ကျေးရွာရှိ ရိုးရာဓလေ့ဘုရားပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများတွင် ကျေးရွာလူငယ်များအားလုံး ပါဝင် ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအဝိုင်းတွင်လည်း လူငယ်များပါဝင်မှုအားနည်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များ ပါဝင်လုပ်ဆောင်မှုအတင့်အသင့်ရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ပလွင်ကုန်းကျေးရွာ ရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်ကာ မိုးရာသီတွင် ရွံ့စေးများဖြစ်ပြီး သွားလာ၍ မရပါ။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ကျေးရွာအဝင်လမ်း ဂျင်း/ကျောက်ခင်းခြင်းလုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများကိုယ်တိုင် ဆောင်ရွက်သွားပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းကို အသုံးပြုနေပြီး ဆိုလာမီး၊အခြားမီးများလည်း အသုံးပြုနေပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာရှိ အိမ်တိုင်း နီးပါးတယ်လီဖုန်းများရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်နေပါသည်။ ဌာန

ဆိုင်ရာများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။

ဆက်သွယ်ရေးအတွက် အမ်ဝိတီ၊ အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်း တယ်လီဖုန်း သုံးစွဲလျက်ရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ တယ်လီဖုန်း၊ တီဗွီ၊ ရေဒီယိုများအသုံးပြုသဖြင့် သတင်းအရင်းအမြစ် အချက်အလက်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။

ကျေးရွာသူ/ကျေးရွာသားများ လုံခြုံရေးအတွက် အလုံရဲစခန်း(သို့) မုံရွာမြို့နယ် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေဆီညြေဓာတ်အသင့်အတင့်ရှိပါသည်။ ရာသီဥတုမမှန်သောကြောင့် ရာသီပေါ်သီးနှံများ အထွက်နှုန်းလျော့ကျပါသည်။ ယာမြေများတွင် ရေတွင်းများတူးကာ ကြက်သွန်များစိုက်ပျိုးကြသည်။

ကျေးရွာတွင် ယက္ကန်းထုတ်ကုန်ရောင်းချရန် စျေးကွက်အသင့်အတင့်ရှိသည်။ ကုန်ပစ္စည်းထွက်ရှိမှုကောင်းပြီး စျေးကွက်ကောင်းလျှင် ဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေမည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်သုံးစွဲသူ အသင့်အတင့်ရှိပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အခြားသဘာဝသယံဇာတများ ထွက်ရှိမှု မရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာ ဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။

ပလွင်ကုန်းကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း ယက္ကန်းနှင့် နှီးဝါးများရှိသဖြင့် ပုံမှန် ဝင်ငွေရရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦစားပေးစီမံချက်များမှာ –

| စဉ် | စီမံချက်အမည် | အကဲဖြတ် အမှတ် ပေးသူ(၁) | အကဲဖြတ် အမှတ် ပေးသူ(၂) | အကဲဖြတ် အမှတ် ပေးသူ(၃) | အကဲဖြတ် အမှတ် ပေးသူ(၃) | အကဲဖြတ် အမှတ် ပေးသူ(၃) | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းအား ကျင်းလမ်းရရှိအောင် ဆောင်ရွက်ခြင်း | ၁၀ | ၉ | ၁၀ | ၁၀ | ၉ | ၄၈ | ၁ |
| ၂။ | ကျေးရွာချင်းဆက်လမ်း ပြုပြင်ခြင်း | ၉ | ၈ | ၈ | ၁၀ | ၁၀ | ၄၅ | ၂ |
| ၃။ | ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း | ၈ | ၈ | ၇ | ၁၀ | ၈ | ၄၁ | ၃ |
| ၄။ | ကျေးရွာတွင် စာကြည့်တိုက် တည်ဆောက်ခြင်း | ၆ | ၈ | ၉ | ၉ | ၆ | ၃၈ | ၄ |
| ၅။ | ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ခြင်း | ၆ | ၈ | ၇ | ၇ | ၈ | ၃၆ | ၅ |
| ၆။ | စာသင်ကျောင်းဆောင်သစ် ရရှိအောင် ဆောင်ရွက်ခြင်း (မူလွန်ကျောင်း) | ၅ | ၈ | ၇ | ၇ | ၆ | ၃၃ | ၆ |

**(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအား ဂျင်းလမ်း ရရှိအောင် ဆောင်ရွက်ခြင်း | ၁ | √ | | | | |
| ၂ | ကျေးရွာချင်းဆက်လမ်း ပြုပြင်ခြင်း | ၂ | | √ | | | |
| ၃ | ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း | ၃ | | | √ | | |
| ၄ | ကျေးရွာတွင် စာကြည့်တိုက် တည်ဆောက်ခြင်း | ၄ | | | | √ | |
| ၅ | ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ခြင်း | ၅ | | | | | √ |
| ၆ | စာသင်ကျောင်းဆောင်သစ်ရရှိအောင် ဆောင်ရွက်ခြင်း (မူလွန်ကျောင်း) | ၆ | | √ | | | |

**ပလွင်ကုန်းကျေးရွာအုပ်စု၊ ပလွင်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း**
**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်း မကောင်းခြင်း | မိုးရာသီတွင် လမ်းများချော်ကာ ရွံ့ပွက်အိုင်များဖြစ်ကာ ဆိုင်ကယ်၊ ကားများ သွားလာရခက်ခဲခြင်း | အခြေခံလမ်းကြောင်းရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာနှင့် ချိတ်ဆက်ခြင်း | ကျေးရွာတွင်းလမ်းအား ကျင်းလမ်းရရှိအောင် ဆောင်ရွက်ခြင်း |
| ၂ | ကျေးရွာချင်းဆက် လမ်း မကောင်းခြင်း | ရာသီမရွေးသွားလာရခက်ခဲခြင်း | အခြေခံလမ်းကြောင်းရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | ကိုယ်ထူကိုယ်ထဆောင်ရွက် ခြင်း၊ ဌာနဆိုင်ရာနှင့် ချိတ်ဆက်ခြင်း | ကျေးရွာချင်းဆက်လမ်း ပြုပြင်ခြင်း |
| ၃ | ကျေးရွာကျောင်း ဆရာ/ဆရာမဝန်ထမ်း များအတွက် အိမ်ယာ မရှိခြင်း | လမ်းပန်းဆက်သွယ်ရေး ခက်ခဲ ခြင်း၊ နယ်ဝေးမှ တာဝန်ကျသော ကျောင်း ဆရာမများအတွက် တည်းခိုနေထိုင် ရန် အဆောက် အဦးမရှိခြင်း | ဆရာ/ဆရာမအင်အား လုံလောက်ခြင်း၊ အဆောက် အဦးဆောက်လုပ်ရန် မြေနေရာအသင့်ရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | ကိုယ်ထူကိုယ်ထဆောင်ရွက် ခြင်း၊ ဌာနဆိုင်ရာနှင့် ချိတ်ဆက်ခြင်း | ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း |
| ၄ | စာကြည့်တိုက် မရှိခြင်း | ကျေးရွာတွင် လူငယ်များ အသိ ပညာ ဗဟုသုတများ တိုးပွားစေ ရန်နှင့် စာအုပ်စာပေများ လေ့လာ ဖတ်ရှု၍ စာအုပ်နှင့်စာကြည့်တိုက် မရှိခြင်း | လူငယ်များ စာဖတ်ဝါသနာ ရှိခြင်း | မြေနေရာအခက်အခဲ၊ ငွေကြေး အခက်အခဲရှိခြင်း | ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်ခြင်း | ကျေးရွာတွင် စာကြည့်တိုက် တည်ဆောက်ခြင်း |
| ၅ | ဆေးပေးခန်းအဆော က်အဦး မရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | အဆောက်အဦးဆောက်လု ပ် ရန် မြေနေရာရှိပြီးဖြစ်ခြင်း | အဆောက်အဦး ဆောက်လုပ် ရန် ငွေကြေးခွဲဝေချထား မှုမရှိခြင်း | ကျေးရွာသူ/သားများနှင့် ပြင်ပအလှူရှင်များ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောက် လုပ်နိုင်ခြင်း | ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ကျောင်းအဆောက်အဦးပျက်စီးခြင်း | နှစ်သက်တမ်းကြာရှည်ခြင်း ကျောင်းဆောင်ပျက်စီးနေခြင်း ကြောင့် ကျောင်းသားများအတွက် အန္တရာယ်ဖြစ်နိုင်ခြင်း | ကျောင်းသားဦးရေများခြင်း | ငွေကြေးအခက်အခဲရှိခြင်း | ကိုယ်ထူကိုယ်ထဆောင်ရွက် ခြင်း၊ ဌာနဆိုင်ရာနှင့် ချိတ်ဆက်ခြင်း | စာသင်ကျောင်းဆောင်သစ် ရရှိအောင် ဆောင်ရွက်ခြင်း (မူလွန်ကျောင်း) |

**နောက်ဆက်တွဲ**

**ပုံစံ (၁)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | – ပလွင်ကုန်း |
| ကျေးရွာအုပ်စု | – ပလွင်ကုန်း |
| မြို့နယ် | – မုံရွာ |
| တိုင်းဒေသကြီး / ပြည်နယ် | – စစ်ကိုင်းတိုင်း |

စီမံချက်အမည် – ကျေးရွာတွင်းလမ်းအား ဂျင်းလမ်းခင်းခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ–

- လမ်းတွင် ဖုန်ထူထပ်ခြင်း၊ မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ ရွံ့အိုင်များနှင့် ချိုင့်ခွက်များဖြစ်ခြင်း၊ ဆိုင်ကယ်၊ ကားများ သွားလာရခက်ခဲခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် သွားလာရခက်ခဲခြင်း ကျေးရွာတွင်းရှိသော ကျောင်းသားကလေး ငယ်များ သွားလာရာတွင်အဆင်မပြခြင်း

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)

- တစ်နှစ်ပတ်လုံးသွားလာရလွယ်ကူချောမွေ့လာစေရန်
- စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်စေရန်
- ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရာတွင် အခက်အခဲမရှိ ပညာသင်ကြားနိုင်စေရန်

| |
|---|
| မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ရဟန်းရှင်ပြည်သူများသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ခြင်းဖြင့် ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)<br>ကျေးရွာတွင်းလမ်းအား ကျင်းလမ်းခင်းခြင်း |
| ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀၀ (ငွေသား)<br>• (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

**ပလွင်ကုန်းကျေးရွာအုပ်စု၊ ပလွင်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပလွင်ကုန်း | ပလွင်ကုန်း | ဦးလှမျိုးသန့် | ဦးတင်ညို | ၅/မရန(နိုင်) ၁၈၂၀၂၀ | ၃၂ | ၁၀ တန်း | ဥက္ကဋ္ဌ | 09-792388149 |
| ၂ | ပလွင်ကုန်း | ပလွင်ကုန်း | ဦးစန်းညို | ဦးမြဆောင် | ၅/မရန(နိုင်) ၁၀၂၇၈၂ | ၅၆ | ၇ တန်း | ဒု-ဥက္ကဋ္ဌ | 09-33097836 |
| ၃ | ပလွင်ကုန်း | ပလွင်ကုန်း | ဦးဝင်းဇော်ဟိန်း | ဦးညွှန့်လှိုင် | ၅/မရန(နိုင်) ၁၈၂၀၃၈ | ၃၁ | ၉ တန်း | အတွင်းရေးမှူး | 09-400465622 |
| ၄ | ပလွင်ကုန်း | ပလွင်ကုန်း | ဦးအောင်ကျော်ဆန်း | ဦးပြုံးချို | ၅/မရန(နိုင်) ၂၉၅၄၁၉ | ၂၂ | ၇ တန်း | (တွဲဘက်) အတွင်းရေးမှူး | 09-968603089 |
| ၅ | ပလွင်ကုန်း | ပလွင်ကုန်း | ဦးလှိုင်စိုးသန်း | ဦးလှထွန်း | ၅/မရန(နိုင်) ၁၀၂၆၄၄ | ၄၈ | B.A (His;) | စာရင်းကိုင် | 09-794241252 |
| ၆ | ပလွင်ကုန်း | ပလွင်ကုန်း | ဦးဇော်မိုးဝင်း | ဦးပြား | ၅/မရန(နိုင်) ၁၆၄၇၂၂ | ၃၉ | B.A (Eco;) | ဘဏ္ဍာရေးမှူး | 09-261976416 |
| ၇ | ပလွင်ကုန်း | ပလွင်ကုန်း | ဒေါ်စုစုလှိုင် | ဦးအောင်သောင်း | ၅/မရန(နိုင်) ၂၄၁၆၁၇ | ၂၇ | ၅ တန်း | သော့ကိုင်(၁) | 09-259531381 |
| ၈ | ပလွင်ကုန်း | ပလွင်ကုန်း | ဒေါ်မေသူကြည် | ဦးဌေးမောင် | ၅/မရန(နိုင်) ၃၀၉၀၈၇ | ၂၄ | ၆ တန်း | သော့ကိုင်(၂) | 09-452703575 |
| ၉ | ပလွင်ကုန်း | ပလွင်ကုန်း | ဒေါ်လှိုင်လှိုင်မိုး | ဦးအောင်ဝင်း | ၅/မရန(နိုင်) ၂၇၈၇၃၄ | ၂၃ | ၇ တန်း | အဖွဲ့ဝင် | 09-265111877 |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၆ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၉ | ၁၈ | ၄၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၆ | ၅၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၅ | ၃၁ | ၇၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၃ | ၂၉၄ | ၅၄၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၉ | ၃၂ |
| **စုစုပေါင်း** | | **၃၇၄** | **၃၉၄** | **၇၆၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၈၂** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိန်းကလေးလူဦးရေသည် ယောကျ်ားလေးလူဦးရေထက် ပိုများပါသည်။ ကျေးရွာရှိ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေနှုန်းသည် ၄ ယောက် ရှိပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၅ | ၁၀၀ | ၆၂ | မြင့် ☒ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၇ | - | ၅၀ | မြင့် ☐ လတ်☐ နိမ့် ☒ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁၀ | မြင့် ☐ လတ်☐ နိမ့် ☒ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | | ၉ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၃ | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၄ | | ၈ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။၄င်းကျေးရွာတွင် စိုက်ပျိုးရေးနှင့် ကျောက်ထုလုပ်ငန်း အများဆုံး လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ထုခြင်းနှင့် စိုက်ပျိုးရေးအငှားစိုက်ခြင်း လုပ်ငန်းများ အများဆုံး လုပ်ကိုင်ကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား** (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | **၈၄၆** | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁ | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ခနိတောမြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စားကျက်မြေ** | ၁ | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **မြေလွတ် မြေလပ်** | ၇၂ | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | ၉၂၀ | ☒ | | |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။ **မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး** (သို့) **မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တချို့စိုက်ပျိုးမြေများသည် ကျောက်ကုန်းမြေများ ဖြစ်သည့်အတွက် သီးနှံဖြစ်ထွန်းမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

